ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

သတင်းထုတ်ပြန်ချက် (၁၃ / ၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လကွယ်နေ့

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

# လက်ရှိထိုင်းအစိုးရမှ ပြုလုပ်မည့် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ အကြမ်းဖက်စစ်အုပ်စုအား ဖိတ်ကြားမှုအပေါ် ထုတ်ပြန်ချက်

လက်ရှိထိုင်းအစိုးရသည် ၂၀၂၃ ခုနှစ် ဇွန်လ ၁၈ ရက်မှ ၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ အလွတ်သဘောဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်မည် ဖြစ်ပြီး မြန်မာအကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးကို ဖိတ်ကြားရန် စီစဉ်ထားသည်ဟု ကြားသိရသည့်အတွက် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် များစွာ စိတ်ပျက်မိပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အကြမ်းဖက်စစ်အုပ်စုအား ဖိတ်ကြားခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြဿနာရပ်များကို အဖြေရှာနိုင်မည် မဟုတ်သည့်ပြင် မြန်မာပြည်သူလူထု၏ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်နေမှုများအား ပျက်ရယ်ပြုရာ ရောက်ပြီး ပြဿနာရပ်များကို ပို၍ပင် ခက်ခဲရှုပ်ထွေးစေနိုင်ပါသည်။ မြန်မာ့နိုင်ငံရေး ပြဿနာကို မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒသဘောထားများကို ကိုယ်စားပြုနိုင်သည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအားလုံး၏ ပါဝင်မှုမှသာ အဖြေရှာနိုင်မည် ဖြစ်ပါသည်။

ယင်းကဲ့သို့ ဖိတ်ကြားမှုသည် မြန်မာပြည်သူလူထုအပေါ် နေ့စဉ်အမျှ ကြမ်းကြုတ်ရက်စက်ဆုံး နည်းလမ်းများကို အသုံးပြု၍ ဖိနှိပ်နေသည့် အကြမ်းဖက်စစ်အုပ်စုကို အသိအမှတ် ထောက်ခံရာ ရောက်နိုင်သည့်အပြင် မိမိအိမ်နီးချင်း မြန်မာပြည်သူတို့၏ ဆန္ဒကို မျက်ကွက်ပြုလျက်ရှိပါသည်။ အဆိုပါလုပ်ရပ်သည် အာဆီယံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် လက်မခံနိုင်ဖွယ်ရာ လုပ်ရပ်ဖြစ်

သည်ဟု မြန်မာပြည်သူ တစ်ရပ်လုံးက ရှုမြင်ပါသည်။ ထို့ကြောင့် အကြမ်းဖက် စစ်အုပ်စုအား အဆိုပါ ဆွေးနွေးပွဲသို့ ဖိတ်ကြားမှုအား ကန့်ကွက်ပါသည်။

လက်ရှိထိုင်းနိုင်ငံခြားရေးဝန်ကြီးအနေဖြင့် ယုတ္တိမတန်သော၊ အဆင့်သင့်မဖြစ်သေးသော အဆိုပါ အစည်းအဝေးကို ဖျက်သိမ်းရန်နှင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် ဖိတ်ကြားခံရသော နိုင်ငံများအနေဖြင့်လည်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခြင်းမပြုကြရန် တောင်းဆိုအပ်ပါသည်။ မြန်မာနိုင်ငံအတွင်း ဆိုးရွားနေပြီးဖြစ်သော အကြောင်းအရာများကို ယခုထက်ပို၍ ဆိုးရွားသွားအောင် မပြုလုပ်ကြရန်နှင့် အကြမ်းဖက်စစ်အုပ်စုက ပြည်သူလူထုအပေါ် အကြမ်းဖက်မှုနှင့် စစ်ပွဲဆင်နေခြင်းများကို ဆက်လက်ပြုလုပ်နိုင်စေမည့် အားပေးအားမြောက် ပြုထောက်ခံခြင်းများကိုလည်း မပြုလုပ်ကြရန် တောင်းဆိုအပ်ပါသည်။

ထို့ကြောင့် လက်ရှိထိုင်းအစိုးရအနေဖြင့် မြန်မာပြည်သူလူထု၏ ဆန္ဒကို အလေးထားလျက်၊ မြန်မာနိုင်ငံအား ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း များအပါအဝင် သက်ဆိုင်သူအားလုံးနှင့် ထိတွေ့ဆက်ဆံ၍ နယ်စပ်ဒေသ လုံခြုံတည်ငြိမ်ရေး၊ နှစ်နိုင်ငံ ပြည်သူများ အေးချမ်းသာယာရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုတို့ အတွက် ပူးပေါင်းဆောင်ရွက်သွားပါရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန<br>အမျိုးသားညီညွတ်ရေးအစိုးရ